ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၁၂/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မေလ (၁၅) ရက်

ကြားကာလအခြေခံပညာသင်ကြားရေးအတွက် မြို့နယ်အလိုက်ပညာရေးဘုတ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြပါရန်တိုက်တွန်းခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ကြားကာလပညာသင်ကြားရေး အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါပညာရေး အစီအစဉ်များတွင် အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး နှင့်အသက်မွေးဝမ်းကျောင်း ပညာရေး အစီအစဉ်များအားလုံး ပါဝင်နိုင်အောင် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။

၂။ ထို့ကြောင့် မြို့နယ်ရပ်ကွက်ကျေးရွာအလိုက် ကြားကာလအခြေခံပညာသင်ကြားရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန် နှင့် ပညာရေးမူဝါဒများ ချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သူများ အားလုံးပါဝင်သော မြို့နယ်အလိုက် ပညာရေးဘုတ်အဖွဲ့များကို CDM အခြေခံပညာရေးဆရာ၊ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ မိဘများ၊ ကျောင်းသားသမဂ္ဂများနှင့် ပူးပေါင်းကာ အများဆန္ဒနှင့်အညီဖွဲ့စည်းပြီး အမျိုးသားညီညွတ်ရေး အစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် လက်တွဲပြီးဆောင်ရွက်နိုင်စေရေးအတွက် moe@nugmyanmar.org သို့ ဆက်သွယ်ပေးပို့ကြပါရန် အလေးအနက်တိုက်တွန်းလိုက်ပါသည်။

ဒေါက်တာဇော်ဝေစိုး

ပြည်ထောင်စုဝန်ကြီး

ပညာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ